## ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံး သဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများ စုပုံခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁။ အထက်ပါလုပ်ငန်းများအတွက် လုပ်ငန်းခွင့်ပြုချက်ရရှိရန် ဤပြည်နယ်ရုံးမှတဆင့် ဤဦးစီးဌာန(ရုံးချုပ်)သို့ လုပ်ငန်းခွင့်ပြုချက် တောင်းခံရမည်။

(က) သတ်မှတ်ပုံစံ-၉ လျှောက်လွှာ(ပါဝင်ရမည့်အချက်များ)

(၁) လျှောက်ထားသူ၏အမည်နှင့်နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်

(၂) လျှောက်ထားသူ၏ လူမျိုး/ဘာသာနှင့်မွေးသက္ကရာဇ်

(၃) လျှောက်ထားသူ၏ နေရပ်လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်၊ အီးမေးလ်။

(၄) လျှောက်ထားသူသည် အဖွဲ့အစည်းကိုယ်စား လျှောက်ထားပါက အဖွဲ့အစည်း မှတ်ပုံတင်နှင့်လိပ်စာ။

(၅) ကိုယ်စားလှယ်၏ အမည်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ်နှင့် ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်၊ အီးမေးလ်။

(၆) ကိုယ်စားလှယ်၏ လူမျိုး/ဘာသာနှင့်မွေးသက္ကရာဇ်။

(၇) စုပုံမည့်နေရပ်လိပ်စာ။

(၈) စုပုံမည့် နေရာအကျယ်အဝန်း၊ အတိုင်းအတာ။

(ခ) လျှောက်ထားသူ/ အဖွဲ့အစည်းအားလုပ်ငန်းခွင့်ပြုချက် ထုတ်ပေးပါက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့် ညွှန်ကြားချက်များအား လိုက်နာမည့် ဝန်ခံချက်။

(ဂ) လျှောက်ထားသူ/ အဖွဲ့အစည်းသည် လုပ်ငန်းခွင့်ပြုချက် ထုတ်ပေးပါက သတ်မှတ်ထားသော အခွန်အခများအား ပေးသွင်းမည့်ဝန်ခံချက်။

(ဃ) ကိုယ်စားလှယ် လွှဲစာမူရင်း(ရှိလျှင်)။

(င) သက်ဆိုင်ရာ ရပ်/ကျေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်။

(စ) လျှောက်ထားသူမှာ အဖွဲ့အစည်းဖြစ်ပါက ဖွဲ့စည်းခွင့်မှတ်ပုံတင်လက်မှတ်မိတ္တူ။

(ဆ) တံတားဒီဇိုင်းပုံစံနှင့် အတိုင်းအတာ။

(ဇ) မြေယာပိုင်ဆိုင်မှု (စည်ပင်၊ အိုး/အိမ်/ ရထား/ ဆောက်လုပ်ရေး/ ထွေအုပ်--) အထောက်အထားတို့ဖြစ်ပါသည်။

## ၂။ ပြည်နယ်ရုံးမှ စိစစ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

(က) လျှောက်ထားလာသောလျှောက်လွှာကို အချက်အလက်များ ပြည့်စုံမှုရှိ/မရှိ စိစစ်၍ လျှောက် ထားလာသောနေရာအား ဤပြည်နယ်ရုံးမှ သွားရောက်တိုင်းတာပြီး မြစ်ကမ်းပါးပြိုကျမှု မဖြစ်စေရေးနှင့် ကမ်းပါးတည်ငြိမ်ရေးကို ရှေ့ရှု၍စိစစ်ပြီး ကမ်းပါးနယ်၊ ကမ်းနားနယ်တွင် အရာဝတ္ထုများ စုပုံခြင်းဖြင့် အပိုဝန်ကြောင့် ကမ်းပါးပြိုကျမှု၊ ကမ်းပါးတည်ငြိမ်မှုကို ထိခိုက်နိုင်ဖွယ်ရာဖြစ်ပေါ်စေပါက စုပုံခွင့်ပြုရန် ငြင်းပယ်ခြင်း (သို့မဟုတ်) ထိခိုက်နိုင်ဖွယ်ရာမရှိပါက ခွင့်ပြုပြီး စည်းကမ်းချက်များ သတ်မှတ်၍ စုပုံရန်လုပ်ငန်းခွင့်ပြုချက် ပုံစံ(၁၀)ကို ထုတ်ပေးသွားမည်ဖြစ်ပါသည်။

(ခ) လုပ်ငန်းခွင့်ပြုချက်ရရှိသူသည် လုပ်ငန်းအတွက် သတ်မှတ်ထားသော နှုန်းထား အတိုင်း စုပုံခကို ဤဦးစီးဌာနသို့ပေးသွင်းရန် လိုအပ်မည်ဖြစ်ပါသည်။

## ၃။ ကြီးကြပ်မှုအပိုင်း

ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း တည်ဆောက်ရေးလုပ်ငန်းသုံးသဲများ၊ ကျောက်များ၊ အုတ်များ၊ သစ်များနှင့် အခြားအရာဝတ္ထုများ စုပုံခြင်းကို ဤပြည်နယ်ရုံးမှ သတ်မှတ်စည်းကမ်းချက်များ လိုက်နာမှုရှိ/မရှိ အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လုပ်ငန်းခွင့်ပြုချက်ရရှိသူသည် သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းချက် တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ပါက ထုတ်ပေးထားသောစုပုံရန် လုပ်ငန်းခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းသွားမည်ဖြစ်သည်။